USAID
အမေရိကန် နိုင်ငံသားများမှ



# အချက်အလက်အကျဉ်းချုပ်
# ဝင်ငွေတိုးငါးမွေးမြူရေးစီမံကိန်း

## နိဒါန်း

မြန်မာနိုင်ငံတွင် ငါးစားသုံးမှုမှာ အသားစားသုံးမှု စုစုပေါင်း၏ ၆၀% ကျော် ရှိပါသည်။ ရေချိုနှင့် ရေငန် ငါးဖမ်းထုတ်လုပ်မှုမှာ ကျဆင်းလျက်ရှိသော်လည်း အထူးသဖြင့် ရေချိုငါးမွေးမြူရေးမှ နှစ်စဉ် ငါးတန်ချိန် တစ်သန်းအထိ တိုးတက်ထုတ်လုပ်လျက်ရှိပါသည်။ ယခုအခါ ကျယ်ပြန့်လာသော ငါးဈေးကွက်သို့ ဝင်ရောက်ရန် အရည်အသွေးမြင့်ငါးထုတ်လုပ်ခြင်း၊ သတင်းအချက်အလက်ဖြန့်ချိခြင်း၊ အသေးစားချေးငွေ စနစ်၊ ငါးသားပေါက်နှင့်ငါးအစာထုတ်လုပ်မှုတွင် ပိုမို ကောင်းမွန်တိုးတက်လာစေမည့်အစီအမံများ လိုအပ်ပါသည်။ ဈေးကွက်တောင်းဆိုမှုကို ငါးမွေးမြူရေးမှဖြည့်ဆည်းပေးရန် အလားအလာကောင်းများရှိပါသည်။ သို့ရာတွင် ရေရှည်မွေးမြူထုတ်လုပ်နိုင်ရန် ခိုင်မာသောမြေအသုံးချခွင့်၊ ရေရရှိမှု၊ သွင်းအားစုများရရှိမှု၊ သတင်းအချက်အလက်ဖြန့်ချိခြင်းနှင့် အရည်အသွေးကောင်းပစ္စည်းများရောင်းချနိုင်ရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ငါးမွေးမြူရေးရေရှည်ဆောင်ရွက်ရာ၌ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှု အနည်းဆုံးရှိစေရန်၊ လူမှုပတ်ဝန်းကျင်မှလက်ခံနိုင်ရန်၊ စီးပွားရေးတွက်ခြေကိုက်ရန်လည်း လိုအပ်ပါသည်။ USAID ပံ့ပိုးမှုဖြင့် ဆောင်ရွက်သော “ဝင်ငွေတိုးငါးမွေးမြူရေးစီမံကိန်း” ရည်ရွယ်ချက်မှာ အထူးသဖြင့် အလွန် ဆင်းရဲနွမ်းပါးသောမိသားစုများမှ အမျိုးသမီးများနှင့်ကလေးငယ်များသည် ငါးပိုမိုရရှိ စားသုံးမှု များပြားလာစေရန်နှင့် အလုပ်အကိုင်ရရှိစေရန်ဖြစ်ပါသည်။ ငါးမွေးမြူရေးအသေးစားများဆောင်ရွက်ခြင်း ဖြင့် လူနေမှုပုံစံပြောင်းလဲလာခြင်း၊ အစားအစာနှင့်အာဟာရအကြောင်းသိရှိလာပြီး အာဟာရပြည့် အစားအစာများ ကိုယ်တိုင်ထုတ်လုပ်ခြင်း၊ ဝယ်ယူစားသုံးခြင်းပြုလာကြမည်ဖြစ်ပါသည်။

## ရည်မှန်းချက်ပန်းတိုင်


ငါးမွေးမြူရေးအသေးစားများ တိုးတက်ဖော်ဆောင်ခြင်းဖြင့် ဝင်ငွေတိုးခြင်း၊ အာဟာရပြည့်အစားအစာများ ရရှိခြင်း၊ ဆင်းရဲနွမ်းပါးမှုလျော့နည်းခြင်းစသော အကျိုးကျေးဇူးများကို အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း နှင့် မြောက်ပိုင်းဒေသများမှ အမျိုးသမီးများနှင့်ကလေးသူငယ်များခံစားနိုင်ရန် မျှော်မှန်းချက်ထားရှိပါသည်။

## အကျိုးရှိဖြစ်ထွန်းရန် ဦးတည်ချက်

စီမံကိန်းအနေဖြင့် ၀.၅ ဧက အောက်ကန်ငယ်များဖြင့် ငါးမွေးမြူသူများနှင့် လုပ်ငန်းဆက်စပ်သူများအကျိုးကို ဦးတည်ချက်ထားပါသည်။ စီမံကိန်းကာလအတွင်း အကျိုးခံစားမှု ရရှိသူ ဦးရေ အနည်းဆုံး ၁၀၀၀၀ အထိ မျှော်မှန်းထားပါသည်။ ထို့အပြင် စစ်ပွဲရှောင်များ အရွယ်ရောက်အမျိုးသမီးများလူငယ်များနှင့် ၅ နှစ်အောက် ကလေးသူငယ်များအကျိုးကိုလည်း ဆောင်ရွက်သွားပါမည်။

## စီမံကိန်းဖော်ဆောင်မည့်အစီအစဉ်လမ်းကြောင်း

စီမံကိန်းအနေဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့်ဝေးကွာသော ငါးရှားပါးသည့်နေရာများတွင် ငါးထုတ်လုပ်ပြီး ဈေးများတွင် ဘေးကင်းစွာစားသုံးနိုင်သည့် ငါးနှင့်ငါးထွက်ပစ္စည်းများ၊ ဆက်စပ်စွည်းများ ရောင်းဝယ်လာနိုင် စေရန်ဖော်ဆောင်သွားပါမည်။ အစာအာဟာရ၊ ရေရရှိမှု၊ မိလ္လာစနစ်နှင့် တစ်ကိုယ်ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး (WASH) အလေ့အကျင့်များဖြစ်ပေါ်လာရန်ကိုလည်း ပူးတွဲဆောင်ရွက်သွားပါမည်။ ငါးမွေးမြူ ရေးအသေးစားနှင့် ဆက်စပ်လုပ်ငန်းများကိုလည်း ကျား/မ စွမ်း ဆောင်နိုင်မှုနှင့်အညီ အကောင်အထည် ဖော်သွားပါမည်။




### စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်မည့်နေရာ

- အလယ်ပိုင်း အပူပိုင်းဒေသ၊ မန္တလေး၊ မကွေးနှင့် စစ်ကိုင်း
- ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ကချင်ပြည်နယ်

### ၂၀၂၄ ခုနှစ် အတွင်းပြီးစီးဆောင်ရွက်ရန်လျာထားခြင်း

- ငါးမွေးမြူရေးအသေးစားလုပ်ငန်းများမှ ထုတ်လုပ်မှု ပိုမိုရရှိစေခြင်း
- ဘေးကင်းစွာစားသုံးနိုင်သောငါးနှင့်ငါးထွက်ပစ္စည်းများကို ပိုမို၍ ဈေးကွက်တင်ရောင်းချနိုင်ခြင်း
- အာဟာရပြည့်ဝခြင်း၊ ရိက္ခာဖူလုံခြင်း၊ ရေရရှိမှု၊ မိလ္လာနှင့် တစ်ကိုယ်ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းခြင်း (WASH)

### မိတ်ဖက်အဖွဲ့အစည်းများ

- ငါးလုပ်ငန်းဦးစီးဌာန
- မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်
- နိုင်ငံတကာရေစီမံခန့်ခွဲရေးသိပ္ပံ (IWMI)
- ဘရက်-မြန်မာ (BRACK Myanmar)
- ကရုဏာလူမှုရေးကူညီမှုမစ်ရှင် (Karuna Mission Social Solidarity (KMSS))
- ပက်မြန်မာ (PACT Myanmar)
- ဖယ်ခုံကန် ထိန်းသိမ်းရေးကော်မီတီ
- အင်းလေးကန် ထိန်းသိမ်းရေးကော်မီတီ

### စီမံကိန်းသက်တမ်းကာလ

အောက်တိုဘာ ၂၀၁၉ မှ စက်တင်ဘာ ၂၀၂၄ (၅ နှစ်)

စီမံကိန်းကို နည်းလမ်းသုံးမျိုးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ

(၁) ငါးမွေးမြူရေးအသေးစားလုပ်ငန်းများစနစ်တကျ တိုးမြှင့်ထုတ်လုပ်နိုင်ရန် မြေနှင့်ရေအသုံးချခွင့်၊ အရည်အသွေးကောင်းသောအစာ၊ သားပေါက်နှင့်ပစ္စည်းကရိယာများရရှိစေရန်၊ စွမ်းဆောင်ရည်တိုးတက်လာစေရန်၊ ထုတ်လုပ်မှုထောက်အကူပြုသုတေသနများဆောင်ရွက်ခြင်း၊ အသေးစားဈေးငွေရရှိမှုဆောင်ရွက်ခြင်း။

(၂) ဘေးကင်းစွာစားသုံးနိုင်သောငါးနှင့် ငါးထွက်ပစ္စည်းများကို ဈေးကွက်တင်ခြင်း။

(၃) အစာနှင့်အာဟာရ၊ ရေရရှိမှု၊ မိလ္လာစနစ်နှင့် တစ်ကိုယ်ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး (WASH) အလေ့အကျင့်များရရှိစေရန် လူမှုရေးအဖွဲ့များနှင့်အတူဆောင်ရွက်ခြင်း၊ ထုတ်လုပ်မှုတိုးတက်စေရန်စွမ်းရည်မြှင့်ခြင်း၊ စီမံပြုပြင်ခြင်း၊ စားသုံးသူဘေးကင်းသည့်ငါးနှင့် ငါးထွက်ပစ္စည်းများ ပိုမို စားသုံးလာစေခြင်း။

## ၂၀၁၉ မှ ၂၀၂၀ အတွင်းဆောင်ရွက်ပြီးစီးမှု

- ရေသတ္တဝါမွေးမြူရေးသင်ကြားမှု ၂၅၈၅ ကြိမ်ကို ဖွံ့ဖြိုးရေးဆောင်ရွက်သူများ၊ မွေးမြူသူများ၊ ရေလုပ်သားများနှင့် စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက်ပို့ချခြင်း။
- ငါးမွေးမြူသူ ၁၀၂၃ ဦးအတွက် ငါးသားပေါက်များ ဖြန့်ချိပေးခြင်း။
- ငါးမွေးမြူသူများအတွက် ငါးသားပေါက်ကောင်ရေ ၁.၃ သန်း ဖြန့်ချိပေးခြင်း။
- အမျိုးသမီးဦးစီးသော ငါးမွေးမြူရေး ၄၂၇ (၃၆%) ခုကို အကူအညီပေးခြင်း။
- ငါးမွေးမြူသူ၊ မွေးမြူရေးမိသားစုဝင်၊ ရေလုပ်သား၊ သားဖောက်သူ၊ သားပေါက်ပြုစုသူနှင့် စီမံကိန်းတွင်ပူးပေါင်းဆောင်ရွက်သူ ၂၂၁၅ ဦး (ကျား=၆၇%၊ မ=၃၃%) တို့က လုပ်ငန်းမျိုးစုံတွင် ပါဝင်ဆောင်ရွက်ခြင်း။
- ငါးမွေးသူ ၁၅၃၈ ဦး၏မိသားစုများ၊ ရွာသူရွာသားများသည် မြန်မာနိုင်ငံအနှံ့ အာဟာရဆိုင်ရာ စည်းရုံးပညာပေးခြင်းကြောင့် အစားအစာနှင့်အာဟာရအသိများကို သိရှိအလေးမူလာခြင်း။
- ငါးမွေးသူ ၂၆၄၇ ဦးနှင့် ရွာသူရွာသားများသည် သတင်းအချက်အလက်၊ ပညာရေးနှင့်ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ၊ ကိုဗစ်-၁၉ အကြောင်းအရာနှင့် သတင်းများကိုရရှိခြင်း။
- ငါးမွေးသူ ၁၆၈၀ ဦးနှင့် မိသားစုဝင်များအတွက် တစ်ကိုယ်ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကိုဗစ်-၁၉ ကာကွယ်ရန် မျက်နှာနှင့်နှာခေါင်းစည်း၊ လက်ဆေးရည်၊ လက်အိတ်၊ ပိုးသတ်ဆေးနှင့် ဆပ်ပြာများပေးအပ်ခြင်း။
- ငါးမွေးသူ ၉၂၀ ဦးနှင့် မိသားစုဝင်များအတွက် ရေရရှိမှု၊ မိလ္လာစနစ်နှင့် တစ်ကိုယ်ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး (WASH) ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကိုဖြည့်ဆည်းပေးခြင်း။
- ငါးမွေးသူ ၇၄၃ ဦး (၆၅%) သည် ကောင်းမွန်သောနည်းစနစ်ဖြင့် ငါးမွေးမြူခြင်းကိုဆောင်ရွက်ခြင်း။
- ငါးကန်ဘောင်တွင် သီးနှံနှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် ငါးမွေးသူအိမ်ထောင်စု ၃၉၅ စုကို မျိုးစေ့များပံ့ပိုးခြင်း။
- အင်းလေးကန်နှင့် ဖယ်ခုံမြို့နယ်တွင် ငါးမွေးသူ ၉၂ ဦးအတွက် စီမံကိန်းမှ အကူအညီပေးခြင်း။
- ငါးသားဖောက်စခန်း ၁၁ ခုကို ပံ့ပိုးကူညီပေးပြီး တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူစာချုပ်ခြင်း။
- ငါးမွေးသူများအတွက် အရည်အသွေးမြင့် ငါးအစာများထုတ်လုပ်နိုင်ရန်  အစာစက် ၈ ခု ထူထောင်ပေးခြင်း။

## ကျေးဇူးတင်လွှာ

ဝင်ငွေတိုးငါးမွေးမြူရေးစီမံကိန်းအတွက် USAID မှ ရန်ပုံငွေပံ့ပိုးပါသည်။ စေတနာရှင်များထည့်ဝင်သောရန်ပုံငွေဖြင့် ထူထောင်သည့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးပညာရှင်များအဖွဲ့ (CGIAR) ၏သုတေသနအစီအစဉ်များမှ WorldFish ဦးဆောင်သော ငါးနှင့်စိုက်ပျိုးရေးမှအစားအစာထုတ်လုပ်ခြင်း (ငါးကဏ္ဍ) အောက်မှ စီမံကိန်းကို အကောင်အထည်ဖော်ပါသည်။

## ဝန်ခံချက်

ဤရေးသားဖော်ပြချက်များမှာ စာရေးသူနှင့်သာသက်ဆိုင်ပါသည်။ USAID၊ အမေရိကန်ပြည်ထောင်စုအစိုးရ၊ WorldFish၊ CGIAR ၏ ငါးနှင့်စိုက်ပျိုးရေးမှအစားအစာရိက္ခာထုတ်လုပ်ခြင်းစနစ်၊ နှင့် CGIAR တို့နှင့်ပတ်သက်မှုမရှိပါ။

## ဆက်သွယ်ရန်

Dr. Manjurul Karim, chief of party)
Email: M.karim@cgiar.org

ရည်ညွှန်းကိုးကားရန်
ဤစာစောင်ကို ရည်ညွှန်းကိုးကားရန် WorldFish. 2021. Fish for Livelihoods. Penang, Malaysia: WorldFish. Fact Sheet: 2021-01.

ထုတ်ဝေဖြန့်ချိမှု လိုင်စင်

cc BY NC

ဤစာစောင်ထုတ်ဝေဖြန့်ချိခွင့် လိုင်စင်ကို အောက်ပါအတိုင်းရယူထားပါသည်။ Creative Commons Attribution-NonCommercial 4.0 International License (CC BY-NC 4.0), which permits non-commercial use, including reproduction, adaptation and distribution of the publication provided the original work is properly cited.

မြန်မာဘာသာပြန်ဆိုခြင်း - ဒေါက်တာခင်မောင်စိုး (WorldFish Myanmar)

© 2021 WorldFish.

သတင်းအချက်အလက်များပိုမိုသိရှိနိုင်ရန် ကျေးဇူးပြု၍ <www.worldfishcenter.org> သို့ ဆက်သွယ်ပါရန်။

Project

In partnership with